ဂ န္ဓီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ

# မဖဲဝါနှင့် ဝေမာနိကာ ရန်ငြိုး



(အမှာ )

ဤဝတ္ထုမှာ ဖြစ်ရပ်မှန်တစ်ခုဖြစ်သော်လည်း ဝတ္ထုတစ် အုပ်စာ ပြည့်အောင် ဖြည့်စွက်ရေးသားခဲ့ရပါကြောင်း ဝန်ခံပါ သည် ။

(စာရေးသူ)

**(ဒဿန လက်ဆောင်)**

*ငွေဟူသော ကန့်လန့်ကာသည်
အပြစ်များကို ဖုံးကွယ်ပေးနိုင်သည် ။
ဟန်ဆောင်ကောင်းသူ ရက်သော
စကားပဝါသည်
အရာအားလုံးကိုပင် ပျက်စီးစေနိုင်ပါသည် ။

*ရေများ စွာရှိသောမြစ်သည်
အသုံးဝင်သော်လည်း
လူတို့ အသိအမှတ် မပြုတတ်ကြပေ။
ရေမရှိသောအရပ်မှာ ရှိသည့်
ရေတစ်ခွက်သည် များ စွာတန်ဖိုးရှိနေတတ်သည် ။

*လေသည် တောမီးလောင်လျှင် ပင့်ပေးသည်။
အလင်းရောင်ရသော ဆီမီးခွက်ကို
ငြိမ်းသတ်ပစ်သည်။
ထိုလေဖြင့် အသက်ရှင်နေရသောလူသည်
ထို့ထက်ပိုပြီး ကြောက်စရာကောင်းသည်။

*မီးကြွင်းထား၍ များ လာပါက
သတ်ရခက်သည်။
ကြွေးဟောင်းထား၍ များ လာလျှင်...
ဆပ်ရခက်သည်။
အလုပ်အကြွေးကို တေးမှတ်ထားလျှင်...
ဘယ်တော့မှ မပြီးနိုင်တော့ပါချေ။

*အချစ်မပါဘဲ အိမ်ထောင်ပြုလျှင်
မခိုင်မြဲတတ်ပေ၊
အိမ်ထောင်ပြုပြီးမှ
အချစ်တွေ့အောင်ရှာနိုင်ပါက
အကောင်းဆုံးဖြစ်သည်၊

*အသက်အရွယ်ကြီးရင့်နေမှုကို

အချစ်က မကူညီနိုင်ပေ။

သို့သော် အချစ်နှင့် တွေ့သဖြင့်

အသက်အရွယ်တော့ မေ့သွားစေနိုင်ပါသည် ။

*အိမ်ထောင်ပြုသောအခါ

တစ်ယောက်တည်း အချစ်ရှိနေရုံနှင့် မပြီးပေ။

အိမ်ထောင်ပြုကြွဲသောအခါမှာ တော့

တစ်ယောက်ယောက်မှာ

'အမုန်း' ရှိရုံဖြင့် လုံလောက်ပါတယ်။

*အချစ်သည် နှလုံးသားကို

သိမ်မွေ့စွာ နှိပ်စက်တတ်ပေသည် ။

ထိုနှိပ်စက်မှုကြောင့် ရသော ဝေဒနာကိုပင်

အချစ်ဟု ထင်သောကြောင့်

အိပ်ရေးပျက်ခံကာ တွေးကြရတော့သည် ။

*သန်းပေါင်းများ စွာသော လူများ ထဲမှာ

လူတစ်ယောက်ဖြစ်လာရသည် ကတော့

ကျေနပ်စရာဖြစ်သော်လည်း ...

မည်သူမှ မသိသေးဘဲ ပြန်သွားရလျှင်တော့

လူဖြစ်ရကျိုးနပ်မည် မဟုတ်ပေ။

*ယူစဉ်က လွယ်ကူစွာ ရပြီး
ပြန်ဆပ်ရန် ခက်ခဲသောကြွေးမှာ
ကျေးဇူးအတွက်
ဆပ်စပ်ရသော ကြွေးပင်ဖြစ်သည်၊

*လှေခါးပြုလုပ်ရာမှာ
ကြိုးဖြင့် ပြုလုပ်သည် ဖြစ်စေ
ဝါးဖြင့် ပြုလုပ်သည် ဖြစ်စေ
သစ်သားဖြင့် ပြုလုပ်သည် ဖြစ်စေ အရေးမကြီးပေ။
ဘယ်လှေခါးဖြင့် တက်တက်...
အမြင့်ရောက်ဖို့ သာ အရေးကြီးသည် ။

*ပျိုးချစဉ်က...
မျိုးစေ့ကို ရွေးချယ်ရန်ပျင်းရိသောသူမှာ ...
စပါးရိတ်သိမ်းသောအခါ၌
စပါးနှံကောင်းကောင်း ရမည်မဟုတ်ပေ။



# အခန်း (၁) မဖဲဝါနှင့် ထူးဆန်းသောကြောင်နက်

ရခိုင်ရိုးမဘက်မှ တောင်ဘက်သို့ တောင်နှာမောင်း ဆင်းလာသော အနောက်ရိုးမတောင်တန်းကြီးမှာ ဧရာဝတီတိုင်း (ယခု ဧရာဝတီတိုင်း ဒေသကြီး) နယ်နိမိတ်အတွင်းသို့ ရောက် သောအခါ တဖြည်းဖြည်းနှင့် တောင်နှာမောင်း လျှောဆင်းလာ ကာ မော်တင်စွန်းစေတီတော်ရှိသော နဂါးရာဇ်အငူ (နေဂရေ့ အငူ) ရောက်သောအခါ အဆုံးသတ်သွားလေတော့သည် ။

ရှေးအခါကတော့ အနောက်ရိုးမတောင်တန်းကြီးမှာ အထိကရ သစ်တောကြီးများ နှင့် နာမည်ကြီးလှပေသည် ။ အရှေ့ ဘက်တွင် အရှေ့ရိုးမ ဟု ခေါ်သော ရှမ်းရိုးမတောင်တန်းကြီး ရှိပြီး၊ အလယ်တွင် ပဲခူးရိုးမဟု ခေါ်သော အလယ်ရိုးမတောင် တန်းကြီးများ ရှိသည် ။ အနောက်ဘက်မှာ တော့ ရခိုင်ရိုးမဟု ခေါ် ကြသည့် အနောက်ရိုးမတောင်တန်းကြီးတို့ မှာ မြန်မာနိုင်ငံအ တွင်း၌ ထင်ရှားသော တောင်တန်းကြီးများ ဖြစ်ကြလေသည် ။

အရှေ့အနောက် အလယ်နေရာများ တွင် မြန်မာနိုင်ငံ နယ်နိမိတ်များအား တစ်ဆင့်ပြီးတစ်ဆင့်၊ အဆင့်ဆင့် ကာရံထား သကဲ့သို့ ရှိကြလေသည် ။

ရှေးအခါကတော့ ထိုတောင်တန်းကြီးများ ပေါ်မှာ ကျွန်း၊ ပျဉ်းကတိုး ၊ တောင်သရက်စသော သစ်ပင်ကြီးများ အပါအဝင် သစ်ပင်မျိုးစုံတို့ နေပြောက်မထိုးအောင် ရှိခဲ့ကြလေသည် ။

ကျား၊ ကျားသစ်၊ ဆင်၊ မျောက်ဝံ၊ လူဝံ စသော တော ရိုင်းတိရစ္ဆာန်

တို့ ခိုအောင်းပျော်စံရာနေရာများ လည်း ဖြစ်ခဲ့ ကြသည် ။

တောနက်ထဲသို့ တစ်ယောက်ချင်း နှစ်ယောက်ချင်း မသွားလာဝံ့လောက်အောင် တောကြမ်းလှသောနေရာများ ဖြစ် ခဲ့ပေ၏။

ယခုအခါ ထိုတောတောင်များ အကြောင်းကို စာဖွဲ့ရေး သားနေသည် ကို ဖတ်ရှုရသည့် ယခုခေတ်လူငယ်များ အဖို့ က တော့ ရယ်စရာလို ဖြစ်နေပါလိမ့်မည်။

ယခုအခြေအနေကတော့ ''ခင်ဗျားရေးတဲ့ တောဆိုတာ ဘယ်လိုဟာမျိုးလဲ''ဟု မေးလာလျှင်ပင် လက်ညှိုးထိုးပြစရာတော မရှိတော့ပေ။

ယခင်က လူမသွားဝံ့လောက်အောင် တောထူထပ်လှ သည့် နေရာများမှာ ယခုအခါမှာ တော့ မြို့များ ၊ ရွာများ ၊ လယ် မြေခြံမြေများ ဖြစ်ခဲ့ပေပြီ၊ တောမရှိတော့ပေ။

ရှေးအခါက အထိကရ စာရင်းဝင် မိန်းမလှကျွန်း၊ ပြင်ဒ ရယ် သစ်တောကြီးများ ပင်။ ယခုတော့ ရွာနှင့် လယ်မြေများ ဘဝ ရောက်ခဲ့ကြလေပြီ။

ယခင်က ဖောင်ဝင်မြစ်မှ စပြီး ကဒုံကနိရှိသော ပင် လယ်ဝအထိ သစ်တောကြီးများ ရှိခဲ့သည် ။ ယခုဖောင်ဝင်မြစ် ကမ်းအပါအဝင် ထိုနေရာမှ စပြီး ပင်လယ်ဝအထိ လယ်မြေများ ၊ ရွာများ ဖြစ်ခဲ့ကြပေပြီ၊ တောမရှိတော့ပေ။

မိန်းမလှကျွန်းကို စီမံကိန်းများ ချပြီး သစ်တောများ အ ဖြစ်ရောက်အောင် ပြုစုပျိုးထောင်နေကြသည် ။

စိုက်တဲ့ သူက စိုက်နေသည့် အချိန်မှာ ခိုးခုတ်သည့် လူက လည်း တွင် တွင် ခိုးခုတ်နေကြသည် ။

သို့ကြောင့် ယခင်ကလို ကနစိုပင်၊ လဗပင်၊ ကန့်ပလာ ပင်ကြီးများ ဖြစ်ဖို့ ဝေးရော၊ သစ်ပင်တစ်ပင် လက်မောင်းလုံးအ ရွယ်ပင် မရှိသေး။

ခုတ်မည့် သူက အဆင်သင့် ရောက်နေသောကြောင့် သာမန်သစ်ပင် ငယ်ကလေးများ သာ ရှိသည် ။

အကယ်၍ မည်သူမှ မခုတ်ဘဲ ထားလျှင်တောင် ယခင် သစ်တောကြီးများ ဘဝရောက်ဖို့ နောက်ထပ် နှစ်ပေါင်းသုံးဆယ် ကျော် လေးဆယ် အချိန်ပေးကြရပေမည်။

သခင်မွေးလိုက်၊ ကျားစားလိုက် ဆိုသကဲ့သို့ စိုက်တဲ့ သူ ကစိုက်၊ ခု တ်တဲ့ သူက စောင့်ခုတ်နေသမျှတော့ သစ်တောများ ဖြစ်လာနိုင်စရာအကြောင်း မရှိပါတော့ချေ။

ယခုအချိန်မှာ တော့ ယခင်က မှိုင်းညို့နေသော အ နောက်ရိုးမ သ စ်တောကြီးများ ကွယ်ပျောက်သွားပြီး တောင် ကုန်းများ ပေါ်မှာ ရာဘာ စိုက်ခင်းများက နေရာယူထားကြလေပြီ။

ကျွန်းစိုက်ခင်းများ ၊ ပျဉ်းကတိုးသစ်တောများ ပြန်လည် လုပ်နေကြ သော်လည်း စိုက်သူကစိုက်၊ လှဲဖြတ်သူက ဖြတ်နေ လျှင်တော့ နောက် ထပ် နှစ်ပေါင်းများ စွာကြာသည် အထိ သစ် တောကြီးများ ဘဝ ပြန်လ ည်ရောက်ရှိလာမည် မဟုတ်ပေ။

ကျွန်တော်ကတော့ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက် ရိုးမ သစ် တောများ သာမက ပြင်ဒရယ်သစ်တောများ အတွင်း ကိုပါ ရောက်ခဲ့ဖူး သောကြောင့် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ် ကျော်က သစ်တောကြီးများကို ပြန်လည်လွမ်းဆွတ်မိပါသည် ။

ယခင်က ပြင်ဒရယ်သစ်တောများ အတွင်းမှာ နေ ပြောက်မထိုးအော

င် ရှိခဲ့ကြသော ကနစိုပင်ကြီးများ ဆိုလျှင် ယခု နောက်လူတို့ တစ်ပင်တလေ တွေ့မြင်ရန်ပင် မလွယ်တော့ပေ။

နှစ်ပေါင်းများ စွာကြာသည့် တိုင် မဆွေးမမြေ့ဘဲ ကျန်နေ သေးသော သစ်ငုတ်ကြီးများကို လက်ညှိုးထိုးပြပြီး...

''ကနစိုပင်ဆိုတာ ဒါပေါ့''

ဟု ပြောရမည့် အခြေအနေမျိုးသာ ရှိပါတော့သည် ။ ထားပါတော့။

ကျွန်တော် ယခုရေးမည့် ''မဖဲဝါ'' အကြောင်းမှာ လွန်ခဲ့ သော နှစ်ပေါင်းငါးဆယ်ကျော်လောက်က အကြောင်းဆိုတော့ သစ်တောကြီးများ ရှိနေသောနေရာများကိုပင် အခြေခံကာ ရေး သားရမည်ဖြစ်ပါသည် ။

မဖဲဝါအကြောင်းမှာ စိတ်ကူးယဉ်ရေးသော အဖြစ်အ ပျက် မဟုတ်သလို ထိုဇာတ်ကောင်မှာ လည်း စာရေးသူမှ စိတ် ကူးယဉ် ဖန်တီးထားသည့် ဇာတ်ကောင်လည်း မဟုတ်ပေ။

တစ်ခုတော့ ရှိပါသည် ။

မဖဲဝါတစ်ယောက်တည်းအကြောင်းကိုချည်း ဝတ္ထုတစ် အုပ်ဖြစ်အောင် ရေးသားရန် အဆင်မပြေသောကြောင့် သာ အခြားဇာတ်ကောင်များ နှင့် အဆင်ပြေအောင် တွဲပေးထားရခြင်း ဖြစ်ပါသည် ။

(ဇာတ်လမ်းမှာ ပါဝင်သောအမည်များ နှင့် နေရာဒေသ များကိုတော့ လွှဲပြောင်းရေးသားထားပါသည် ) ဤဝတ္ထု၏ အဓိက ဇာတ်ကောင်တစ်ဦးဖြစ်သူ မဖဲဝါ၏ မူလအမည်မှာ ''မဟူရာ'' ပင် ဖြစ်၏။

အဘယ်ကြောင့် သူမကို မဟူရာဟု အမည်ပေးခဲ့ရ သည် ကတော့ ထူးခြားသောအကြောင်းတစ်ခု ရှိခဲ့ပေသည် ။ မဖဲ ဝါ မိဘများမှာ ဇမုန်း

ထန်နှင့် ဒေါ်ပိုးတိတို့ ဖြစ်သည် ။ နှစ်ယောက် စလုံး ကရင်သွေးပါသူဖြစ်ပြီး ဇမုန်းထန်က ဆေးဆရာလည်း ဖြစ်၊ ပယောဂ ကုသော အောက်လမ်းဆရာလည်း ဖြစ်သည် ။

၎င်းတို့ နေသော မော်ဇာရွာမှာ ရိုးမတောင်အနောက် ဘက်၌ ရှိပြီး မော်ဇာချောင်း ကမ်းနံဘေးတွင် တည်ရှိလေသည် ။

ထိုအချိန်က ရိုးမတောင် အနောက်ဘက်တစ်ကြော တွင် ရွာအချို့ရှိကြပြီး တစ်ရွာနှင့် တစ်ရွာလည်း မဝေးလှပေ။

မော်ဇာရွာ၊ တောင်သရက်ရွာ၊ ညောင်လန်းကိုင်းရွာ ထိန်ပင်ကုန်းနှ င့် ပေါင်းဝရွာ စသည် တို့ မှာ တောတစ်တော တောင်တစ်လုံး၊ လယ်တ စ်ကွက် သာခြားသော အကွာအဝေးမှာ ရှိကြပြီး တစ်ရွာနှင့် တစ်ရွာ ကူး သန်းသွားလာ၍ မဝေးလှသည့် နေရာများ ၌ ရှိကြလေသည် ။

မော်ဇာရွာနှင့် အနီးဆုံးရွာကတော့ ပေါင်းဝရွာပင်ဖြစ်ပြီး ရွာအဆုံး ရွာအစချင်း ဆက်နေသည့် ရွာနှစ်ရွာပင် ဖြစ်၏။

မဖဲဝါ၏ ဖခင် ဇမုန်းထန်မှာ ဆေးဆရာတစ်ဦးဟု သာ အများက သိ ထားကြသော်လည်း အောက်လမ်းဆရာတစ်ဦးပင် ဖြစ်သည် ။

သူသည် ပယောဂ ကုရာတွင် ထူးချွန်သလို ကျတ်၊ တစ္ဆေ ၊ မှ င်စာ၊ သရဲ၊ သဘက် များ နှင့် လည်း အဆက်အသွယ်ပြု နိုင်သည် ။

၎င်းတို့ ကို စေခိုင်းနိုင်သူဖြစ်သည် ။ ထို့ပြင် သေဆုံးသူတို့ ၏ ဝိညာဉ် များကို ခေါ်ယူကာ ၎င်းဆေးကုသောအလုပ်များ ၌ပင် တစ်ခါတစ်ရံ အ သုံးချလေသည် ။

သူတို့ နေသော မော်ဇာတစ်ရွာလုံး ဇမုန်းထန်အ ကြောင်းကို မသိသူ မရှိကြဘဲ ကြောက်ရွံ့ကြလေသည် ။ ဇမုန်း ထန်နှင့် ဒေါ်ပိုးတိတို့ တွင်

သားသမီး များများ မရှိဘဲ မဖဲဝါတစ် ယောက်တည်းပင်ရှိသည် ။

အထက်၌ ရေးသားဖော်ပြခဲ့သည့် အတိုင်း မဖဲဝါ၏ မူလ အမည်မှာ ''မဟူရာ'' ဖြစ်သည် ။

မိခင်ဖြစ်သူကတော့ ရှေ့က မ,တစ်လုံးပင် မထည့်ဘဲ လေသံဝဲဝဲနှင့် ''ဟူရာ..ဟူရာ'' ဟု ပင် ခေါ်လေ့ရှိသည် ။

မဖဲဝါကို ကိုယ်ဝန်ရှိစဉ်က ဒေါ်ပိုးတိတစ်ယောက် ထူး ခြားသောအိပ်မက် မက်ဖူးလေသည် ။

အခြားမဟုတ်ပေ...။

ကြောက်စရာကောင်းသော သရဲနှစ်ကောင်ကို အိပ် မက်ထဲ၌ တွေ့မြင်ရခြင်း ဖြစ်၏။

သူမအနေဖြင့် သရဲသဘက်များကို မကြာခဏ တွေ့ မြင်ဖူးသူဖြစ်ရာ အိမ်မက်ထဲမှာ တွေ့ရတာတော့ အဆန်းတ ကြယ် မဟုတ်ပေ။ ကြောက်ရွံ့ခြင်းလည်း မဖြစ်မိပေ။

''နင်တို့ ဘာလာလုပ်တာလဲ''

''ငါတို့ နှစ်ကောင် နင်တို့ နဲ့ လာနေပါရစေ''

''နင်တို့ က ဘာတွေလဲ''

''ဟိုတောထဲမှာ ရှိတဲ့ ရွာတစ်ရွာကပါ၊ ငါတို့ နှစ်ယောက် က လင်မယားပါ၊ တောထဲ သွားရင်း နှစ်ယောက်စလုံး အတူသေ ပြီး သရဲဖြစ်နေကြတာပါ''

ဒေါ်ပိုးတိက ကြည့်လိုက်တော့ နှစ်ယောက်စလုံး တစ် ကိုယ်လုံး အမွေးစုတ်ဖွားနှင့် ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန် မျိုးတွေဖြစ်သည် ။

သို့သော် ဒေါ်ပိုးတိကတော့ မကြောက်ပေ။

''သရဲက လူနဲ့ အတူတူ လာနေလို့ ဖြစ်မလား၊ အိမ်မှာ လည်း ငါ့ယောက်ျားမွေးထားတဲ့ သရဲတွေ အများကြီး ရှိတယ်''

''ငါတို့ က သရဲလို မနေပါဘူး၊ လူလို လာနေကြမှာ ပါ''

ထိုစကားကြားသောအခါ ဒေါ်ပိုးတိမှာ စိတ်ဝင်စားသွား လေသည် ။ အဘယ်ကြောင့် ဆိုသော် သူတို့ လင်မယားမှာ အိမ် ထောင်သက်တမ်းကြာခဲ့ပြီဖြစ်သော်လည်း သားသမီးတစ် ယောက်မှ မထွန်းကားခဲ့ပေ။

ဇမုန်းထန်က အသက်(၄၀)ကျော်အရွယ်ရှိပြီး သူမက အသက်(၃၀)ကျော်အရွယ်ရှိသည် အထိ ကလေးမရကြပေ။ ယခု သရဲနှစ်ကောင်က သူတို့ နှင့် အတူ လူလို လာနေပါမည် ပြောသ ဖြင့် စိတ်ဝင်စားသွားခြင်းဖြစ်သည် ။

''နင်တို့ လာနေတာတော့ ဟုတ်ပါပြီ၊ ငါတို့ က ဆင်းရဲ တော့ နှစ်ယောက်စလုံးတော့ ခေါ်မထားနိုင်ဘူး၊ တစ်ယောက် တော့ လာနေချင်နေပေ့ါ''

''ဒီလိုဆိုရင် ကျွန်မတစ်ယောက်ပဲ လာနေပ့ါမယ်''

ဟု ပြောရာ ကျန်သရဲတစ်ကောင်က အဝေးသို့ ထွက် သွားလေသည် ။

ထိုအိပ်မက်,မက်ခဲ့ပြီးနောက် အသက်ကြီးကာမှ ထူးထူး ခြားခြား ကိုယ်ဝန်ရလာသည် ။

ထိုကဲ့သို့ ကိုယ်ဝန်ရပြီးနောက်ပိုင်းမှာ လည်း ညအချိန် ရောက်ပါက ခြံထောင့်တစ်နေရာမှ ထူးထူးခြားခြား ကြောင် အော်သံ ကြားရပြီး အသံမှာ လည်း သာမန်ကြောင်အော်သံများ နှင့် မတူပေ။

ထို့ပြင် အခြားအချိန်မျိုးမှာ လာမအော်ဘဲ မှောင်မိုက် သောညအချိန်ရောက်မှ လာအော်လေ့ရှိသဖြင့် ထူးခြားနေလေ ရာ တစ်ညတော့ ဇမုန်းထန်က ထကြည့်သည် ။

ခြံထောင့်တစ်နေရာမှာ ဆောင့်ကြောင့် ထိုင်၍ တ ညောင်ညောင် အော်နေသည့် ကြောင်နက်ကြီးတစ်ကောင်ကို လှမ်းမြင်ရလေသည် ။

အခြားကြောင်များမှာ အလင်းရောင်မရှိသော အ မှောင်ထဲတွင် ၎င်းတို့ ၏ မျက်လုံးမှာ အစိမ်းရောင်သမ်းနေ သော်လည်း ထိုကြောင်နက်ကြီး၏ မျက်လုံးနှစ်ဖက်ကတော့ ထူးထူးခြားခြား အနီရောင်သမ်းနေသည် ကို လှမ်းမြင်ရသည် ။

''ကြောင်နက်ကြီးတစ်ကောင်ပဲကွ..ဒါပေမယ့် သူ့ မျက်လုံးက တခြားကြောင်တွေနဲ့ မတူဘူး...နီရဲနေတာပဲ''

''သူ့အသံကလည်း တခြားကြောင်တွေနဲ့ မတူဘူး... ကြောင်သရဲကောင်လိုပဲ''

ထိုနောက်မှာ တော့ ရက်လစေ့သောအခါ မွေးဖွားရန် အချိန်နီးလာသောအခါမှ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ် များ ဖုံးနေလေသည် ။

ထိုအချိန်မှာ ပတ်ဝန်းကျင်မှာ လည်း ကြောင်နက်ကြီး အော်သံက ဆူညံနေတော့သည် ။

မွေးလာသောအခါ မိန်းကလေးဖြစ်သည် ။

ထိုမိန်းကလေးကို မွေးပြီး နောက်တစ်နေ့မှာ တော့ သူတို့ အိမ်သို့ ကြောင်နက်ကြီးတစ်ကောင် ရောက် လာလေတော့ သည် ။

ထိုကြောင်နက်ကြီးမှာ ညအမှောင်ရိပ်ထဲမှ လာအော် နေသည့် ကြောင်နက်ကြီး ဟုတ်သည် မဟုတ်သည် တော့ မသိ ရပေ။

သို့သော်လည်း ဘယ်လိုပင် မောင်းထုတ်သော်လည်း ပြန်မသွား တော့ပေ။

ထို့ကြောင့် ဇမုန်းထန်က...

"ဒီလောက်လာနေချင်လည်း နေပါစေတော့၊ ငါ့သမီးနဲ့ တောင် အဖော်ရသေးတာပေါ့"

ဟု ပြောလေသည် ။

ထိုကြောင်နက်ကြီးမှာ အိမ်ရောက်လာကတည်းက ကလေးရှိသော နေရာမှ သိပ်မခွာဘဲ ခေါင်းရင်းနားမှာ လာထိုင် နေတော့သည် ။

ကလေးကို အမည်ပေးသောအခါ ထွေထွေထူးထူး စဉ်း စားမနေတော့ဘဲ မဟူရာဟု ပင် ပေးလိုက်ကြသည် ။

တကယ်တော့ သူမအမည်မှာ "ဟူရာ" ဖြစ်ပြီး ရှေ့မှ မတစ်လုံး တပ်ခေါ်သောအခါ မဟူရာဖြစ်လာခြင်း ဖြစ်၏။

မိဘများက ကလေးကို "မဟူရာ" ဟု ခေါ်သည့် အခါ ကြောင်နက်ကြီးကပါ သူ့ကို ခေါ်သည် အထင်ဖြင့် "ညောင်" ဟူသောအသံ ပေးတတ်လေသည် ။

ထို့နောက်မှာ တော့ ထိုကြောင်နက်ကြီးကိုလည်း မဟူရာ ဟု ပင် ခေါ်ကြတော့သည် ။

ကြောင်နက်ကြီးမှာ သာမန်ကြောင်များ ထက် အရွယ်အစား ပိုကြီးပြီး မျက်နှာပေါက်ကလည်း ဆိုးသည် ။

မျက်လုံးပိတ်ထားသည့် အချိန်များ ပြီး မျက်လုံးပွင့်လာ သည့် အခါမှာ တော့ ၎င်း၏ မျက်လုံးမှာ အနီရောင်သမ်းနေသည် ။

ငင်းက စူးစိုက်ပြီး ကြည့်သောအခါ မကောင်းဆိုးဝါး တစ်ကောင်က ကြည့် နေသကဲ့သို့ ကြောက်စရာကောင်းလှသည် ။

မဟူရာဆိုသော မိန်းကလေး အတော်ကလေး ကြီးလာ သည် အထိ ကြောင်နက်ကြီးက အနားမှ မခွာဘဲ ရှိလေသည် ။

မိဘများက ''မဟူရာရေ...'' ဟု ခေါ်လျှင် မိန်းက လေးက ထူးသလို ကြောင်နက်ကြီးကပါ တညောင်ညောင်ဖြင့် လိုက်ထူးကြလေသည် ။

မဟူရာ ငယ်စဉ်က လူကြီးများ အိမ်မှာ မရှိဘဲ သူတစ်ယောက်တည်း အိမ်မှာ ရှိနေစဉ် တောတွင်းမှ မြွေတစ်ကောင် အိမ်ပေါ် တက် လာပြီး မဟူရာကို ရန်မူရန် ကြိုးစားလေသည် ။

မြွေမှာ စပါးကြီးမြွေ အမျိုးအစားဖြစ်ပြီး သူမကို အခြား နေရာ ထွက်မပြေးနိုင်အောင် ညှို့ကြိုးဖြင့် ညှို့ထားခြင်းဖြစ် သည် ။ မဟူရာက အိမ်ပေါ်သို့ မြွေကြီးတက်လာသောအခါ ခြံ ဝန်းထဲသို့ ဆင်းပြေးသည် ။

ထိုအခါမှ အခြေအနေက ပိုဆိုးသွားတော့သည် ။

သူမခြေရာများက မြေပေါ်မှာ ထင်ကျန်သောအခါ မြွေ က ထိုခြေရာများကို ညှို့ကြိုးဖြင့် ထောက်ကာ ညှို့လေတော့ သည် ။

မဟူရာခမျာ ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားပါသော် လည်း မြွေအညှို့ခံထားရအောင်ကြောင့် ပြေးပါသော်လည်း ပြေးမရဘဲ ထိုနေရာမှာ ပင် တဝဲဝဲ တလည်လည်ဖြစ်ကာ နောက် ဆုံး မြွေအနီးသို့ ရောက် လာလေတော့သည် ။

မြွေက သူမကို ဆွဲပတ်ရန် ပြင်နေစဉ်မှာ ကြောင်နက် ကြီးသည် မဟူရာအနီးသို့ ရောက် လာလေသည် ။

အကယ်၍ သာ စပါးကြီးမြွေ အပတ်ခံရပါက သူမအနေ နှင့် အသက်

ချမ်းသာရာရတော့မည် မဟုတ်ပေ။

ကြောင်နက်ကြီးသည် မဟူရာထံ ရောက်လာသည် နှင့် မြွေကြီးဦး ခေါင်းပေါ်သို့ ခုန်အုပ်ကာ တိုက်ခိုက်လေတော့သည် ။

သူ၏ ချွန်ထက်လှသောအစွယ်များ နှင့် ခြေသည်းလက် သည်းချွန်များက ဓားသွားတမျှ ထက်လှလေရာ မြွေ၏ ကိုယ် ပေါ်မှာ ဓားဖြင့် ထိုးခွဲသကဲ့သို့ ရှိနေတော့သည် ။

စပါးကြီးမြွေကလည်း အဆိပ်မရှိသော မြွေအမျိုးအစား ဖြစ်သောကြောင့် ကြောင်နက်ကြီးကို ကိုယ်လုံးဖြင့် ရစ်ပတ်သတ် ရန် ကြိုးစားလေသည် ။

သို့သော် ကြောင်နက်ကြီး၏ ကိုယ်က ချောနေသဖြင့် ရစ်ပတ်၍ မရ ဘဲ ရှိလေသည် ။

ထိုကဲ့သို့ ပြင်းထန်စွာ တိုက်ခိုက်နေကြစဉ်မှာ ဇမုန်းထန် တို့ ရောက် လာကြပြီး မြွေကြီးကို ဝိုင်းဝန်းသတ်ဖြတ်လိုက်ကြ လေသည် ။

ထိုအခါမှ ကြောင်နက်ကြီးမှာ သူ့ကိုယ်ပေါ်မှာ စွန်းပေ နေသော မြွေ သွေးများကို လျှာဖြင့် လျက်ကာ ထိုနေရာမှ ထွက် သွားလေတော့သည် ။

*



## အခန်း(၂) မဟူရာ သို့မဟုတ် မဖဲဝါ

မဟူရာ အရွယ်ရောက်လာသည် အထိ ကြောင်နက်ကြီး က သူမနှင့် ပင် အတူနေလေသည်။

အခြားသူများက မေးလျှင်တော့ မဟူရာက ရယ်ရယ် မောမောနှင့် ပြန်ပြောတတ်လေသည်။

''ဒီကြောင်နက်ကြီးက နင့်အနားကကို မခွာပါလား''

''ဘယ်ခွါမလဲ…သူက သရဲဘဝမှာ ကတည်းက ငါ့ ယောကျ်ားပဲလေ၊ ဒါကြောင့် ဒီဘဝရောက်လာတော့ ကြောင် နက်ဘဝနဲ့ ဒီမှာ လာနေတာ''

''သရဲဘဝက လာတဲ့ ကြောင် ဖြစ်လို့ လား မသိဘူး၊ ကြောက်စရာ ကောင်းလိုက်တာ''

ဟု ပြောကြလေသည်။

မဟူရာ အရွယ်ရောက်စမှာ ပင် မိခင်ဖြစ်သူ သေဆုံး သွားခဲ့ရာ ဖခင်ဖြစ်သူနှင့် ပင် နေရသည်။

ဖခင်ဖြစ်သူ ဇမုန်းထန်ကလည်း အခြားရွာများ သို့ ဆေး ကုထွက်သောအခါ သမီးဖြစ်သူကို တစ်ယောက်တည်း ထားခဲ့ရ သည်။ ဆေးကုသွားရာသို့ သမီးဖြစ်သူကို ခေါ်သွား၍ လည်း မဖြစ်ပေ။

အဘယ်ကြောင့် ဆိုသော် အိမ်မှာ မွေးထားသော ကြက် ဘဲ၊ ဝက် စသည် တို့ ကို အစာကျွေးမည့် သူ မရှိသောကြောင့် သော်လည်းကောင်း၊ အိမ်မှာ လူမရှိလျှင် တိရစ္ဆာန်များကို လူခိုး ယူကြမည် ဖြစ်သောကြောင့်

လည်း ပါသည် ။

သို့သော်လည်း မဟူရာက အကြောက်အလန့် မရှိပေ။ အိမ်မှာ အဖော်မရှိလည်း တစ်ယောက်တည်း နေဝံ့သူဖြစ်လေ သည် ။

သို့သော်လည်း ဖခင်ဖြစ်သူကတော့ သမီးကို စိတ်မချ သောကြောင့် ခရီးထွက်ကာနီးတိုင်း အိမ်နီးချင်းများကို အပ်နှံ သွားလေ၏။

''ဦးဘရှိန်ရေ...ကျုပ် ဟိုဘက်ရွာသွားပြီး ဆေးကု ပေးရဦးမယ်ဗျို့၊ အိမ်မှာ ဟူရာတစ်ယောက်ပဲ ကျန်တာမို့ ကြည့် လိုက်ကြပါ''

''စိတ်ချသာ သွားပါဗျာ၊ ကျုပ်တို့ စောင့်ရှောက်ထား လိုက်ပါ့မယ်''

ဦးဘရှိန်ဆိုသူမှာ အခြားမဟုတ်ပေ။

နီမောင်၏ ဖခင်ပင် ဖြစ်၏။

နီမောင်၏ မိဘများ ဖြစ်သော ဦးဘရှိန်နှင့် ဒေါ်ကျင်မေ တို့ မှာ ဇမုန်းထန်တို့ နှင့် အိမ်နီးချင်းများ ဖြစ်ကြသည် ။ နီမောင်နှင့် မဟူရာကလည်း အသက်အရွယ်ချင်းက သိပ်မကွာလှပေ။

တစ်နှစ်ခန့်သာ နီမောင်က ကြီးသည် ။

နီမောင်တို့ မိသားစုများက ရွာအနောက်ဘက်တွင် ခြံ တစ်ခြံ ရှိသည်
။

ခြံထဲမှာ အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်၊ မရမ်းပင်၊ ပိန္နဲပင်၊ သရက်ပင်များ စွာရှိသည် ။

ခြံထွက်အသီးအနှံများ ရောင်းချကာ နေနိုင်စားနိုင် သော အခြေအနေမှာ ရှိသည် ။

မဟူရာက အခြားသူများ နှင့် သာ ရောရောနှောနှော မနေသော်လ

ည်း နီမောင်ကိုတော့ ခင်သည် ။

''နီမောင်...နင် ခြံထဲ သွားရင် ငါပါ လိုက်ခဲ့မယ်''

''လိုက်ချင်လိုက်ခဲ့ပေါ့...ဒါပေမယ့် နင့်ကြောင်နက် ကြီးတော့ ခေါ်မလာခဲ့နဲ့ ''

''ဟင်...ဘာဖြစ်လို့ လဲ''

''နင့်ကြောင်က ကြောက်စရာကြီး''

''သူ့ဖာသာ နေတာပါဟယ်၊ နင့်ကို ဘာမှ မလုပ်ပါဘူး''

''မလုပ်ပေမယ့် မြင်ရုံနဲ့ ကြောက်စရာကြီးရယ်''

''အေးပါ...ငါခေါ်ရင်တောင် သူက မလိုက်ပါဘူး၊ ငါတော့ လိုက်ခဲ့မယ်နော်''

ဟု ပြောကာ ခြံထဲသို့ လိုက် လာလေသည် ။

လူပျိုဖော်ဝင်စ၊ အပျိုဖော်ဝင်စအရွယ်ရောက်နေပြီ ဖြစ် သဖြင့် မဟူရာနှင့် ထိုကဲ့သို့ နှစ်ယောက်တည်း သွားလာရသည် ကိုပင် နီမောင်က ရှက်ကိုးရှက်ကန်း ဖြစ်နေသော်လည်း မဟူရာ ကတော့ ဘာဆိုဘာမှ ဂရုမထားပေ။

နီမောင်က ခြံထဲ ရောက်သည် နှင့် လုပ်စရာရှိသောအ လုပ်များကို လုပ်နေသောအခါ မဟူရာက အရိပ်ကောင်းသော သစ်ပင်အောက်၌ ထိုင်ပြီး တစ်ယောက်တည်း ဖဲချနေတတ် သည် ။

သူမသည် လူမှန်းသိတတ်စအရွယ်ကတည်းက ဖဲက စားခြင်းကိုများ စွာဝါသနာပါသူဖြစ်သည် ။

လူကြီးများ ဖဲချနေလျှင် တစ်နေကုန် တစ်နေခန်း ဖဲဝိုင်း အနီးမှ

ထိုင်ကြည့်နေတတ်သူဖြစ်သည် ။

ပိုက်ဆံရှိလျှင် နောက်ဘက်မှ ဝင်ပြီး ကြားပေါက်သည် ။ ကြားပေါက်ခြင်း ဆိုသည် မှာ ဝိုင်းထဲမှာ ဝင်ကစားနေသူနောက်မှ ဝင်ပြီး ပိုက်ဆံချထိုးခြင်းဖြစ်သည် ။

သူထိုးသောအိမ်မှ နိုင်လျှင် အလျော်ခံရသည် ။ ရှုံးလျှင် တော့ ထိုးထားသောပိုက်ဆံ အစားခံရလေသည် ။ ကလေးတို့ သဘာဝအတိုင်း အနိုင်ရလျှင် ပျော်ရွှင်နေပြီး ရှုံးလျှင်တော့ စိတ် ညစ်သည် ။

နောက်တော့ ဇမုန်းထန်က သူ့သမီး ဖဲဝါသနာပါမှန်း သိသဖြင့် ဖဲထုပ်အဟောင်းတစ်ခု ရှာပြီး ပေးထားသည် ။

မဟူရာကတော့ သဘောအကျကြီးကျကာ ဖဲထုပ်တစ် ထုပ်နှင့် တစ်ယောက်တည်း ဖဲကစားလေသည် ။

မဟူရာ ဖဲကစားနေလျှင် ကြောင်နက်ကြီးကလည်း အနားမှာ ဆောင့်ကြောင့် ထိုင်ကြည့်နေတတ်သည် ။

''တခြားလူတော့ မရှိဘူး၊ နင်နဲ့ ငါနဲ့ ဖဲကစားကြမယ်''

ဟု ပြောကာ ဖဲသုံးချပ်စီ ဝေပြီးကြည့်သည် ။

''ငါက ခြောက်ပေါက်၊ နင်က ဘူကျတယ်၊ နင်ရှုံးတယ်'' ''ညောင်...''

''ဟာ...ဒီတစ်ခါတော့ နင့်ဖဲက အတော်ကောင်း တယ်၊ ကိုးပွင့်တောင် ရတယ်၊ င့ါဖဲက နှစ်ပွင့်ပဲ ရှိတယ်၊ နင်နိုင် တယ်''

''ညောင်...''

ကြောင်နက်ကြီးက သူပြောတာ နားလည်သကဲ့သို့ တစ် ခွန်းချင်း ပြန်အော်ပြောသည် ။

ထိုကဲ့သို့မှ ကြောင်နက်ကြီး နံဘေးမှာ မရှိပါက တစ် ယောက်တည်း ပင် ကစားသည် ။

သူမသည် ငယ်ရွယ်စဉ်ကတည်းကပင် ဖဲကစားခြင်းကို ဝါသနာပါ သောကြောင့် ဖဲကစားနည်းအတော်များများကို နား လည်သည် ။

ရှေးအခါက ကျေးလက်တောရွာများမှာ ဖဲကစားနည်း များများ မရှိပေ။

ကိုးမီး(ဖဲသုံးချပ်) ကစားခြင်း၊ နှစ်ဆယ့်တစ်ပေါက် က စားခြင်းနှင့် ၊ ပိုကာဆွဲခြင်း၊ ကတ်ဆွဲခြင်း စသည် တို့ လောက်သာ ရှိသည် ။ အိမ်တစ်အိမ်မှာ အသုဘ ရှိ၍ ဖဲဝိုင်းထောင်လျှင် ထိုက စားနည်းများ လောက်သာ ကစားလေ့ရှိကြသည် ။

ကိုးမီးကတော့ ငွေများများ တတ်နိုင်သူတို့ ကစားသော နည်းဖြစ်ပြီး လူကြိုက်များ သော ဖဲကစားနည်းတစ်မျိုးလည်း ဖြစ်သည် ။

ပိုကာဆွဲခြင်းကတော့ အရှုံးအနိုင် သိပ်မများ ဘဲ အချိန် ကြာသောန ည်းဖြစ်သဖြင့် လူငယ်လူရွယ်များ မကြိုက်ကြပေ။

ဖဲဝါသနာပါသည့် လူကြီးများ ကစားသောနည်းဖြစ် သည် ။

(ထိုအချိန်က တောရွာများမှာ ''တစ်ချပ်မှောက်'' ဖဲက စားနည်းမျိုး မပေါ်သေးသဖြင့် မကစားကြပေ။)

မဟူရာသည် ငယ်ရွယ်စဉ်ကတည်းက အခြားကလေး များ နှင့် မတူဘဲ ဖဲကစားခြင်းကို များ စွာဝါသနာပါသူဖြစ်ရာ ဖဲထုပ်တစ်ထုပ် ပေးထားလျှင်ပင် တစ်ယောက်တည်း အဖော်မ လိုဘဲ နေတတ်သူဖြစ်သည် ။

သို့ကြောင့် လည်း ဖခင်ဖြစ်သူ ဇမုန်းထန်က ဖဲထုပ် ဟောင်းတစ်ထုပ် ရှာပေးထားခြင်းဖြစ်သည် ။

ယခုလည်း နီမောင်နှင့် အတူ ခြံထဲ လိုက် လာပြီး တစ် ယောက်တည်း သစ်ပင်အောက်မှာ ဖဲကစားနေခြင်းဖြစ်သည် ။

နီမောင်ကတော့ ခြံထဲ ရောက်သည် နှင့် မဟူရာကို သတိမရတော့။ သူလုပ်စရာရှိသောအလုပ်များကို ဆက်တိုက် လုပ်နေလေသည် ။

သူသည် ကွမ်းသီးပင်၊ အုန်းပင်တက် ကျွမ်းကျင်သူ ဖြစ် သောကြောင့် တစ်ပင်ပြီးတစ်ပင် ကူးကာ အုန်းသီးခိုင်၊ ကွမ်းသီး ခိုင်များကို ချနေလေသည် ။

အုန်းသီးခိုင်များကို ချရာမှာ တော့ ကြွက်မြီးကောင်း ရ စေရန် ကြိုးဖြင့်ချပြီး၊ မှ ည့်နေပြီဖြစ်သော ကွမ်းသီးခိုင်များကို တော့ ဒီအတိုင်းပင် ချလေသည် ။

အုန်းပင်များက (၁၂)ရာသီလုံး အသီးအရသော်လည်း ကွမ်းသီးပင်များကတော့ တော်သလင်း၊ သီတင်းကျွတ်လများမှာ ကွမ်းသီးမှ ည့်များ အများ ဆုံး ရလေသည် ။

သစ်ပင်တက်ရာတွင် အုန်းပင်များကိုတော့ တစ်ပင်ချင်း တက်လိုက်ဆင်းလိုက် လုပ်ရသော်လည်း ကွမ်းသီးပင်ကတော့ ထိုသို့မဟုတ်ပေ။

တစ်ပင်နှင့် တစ်ပင် အရွက်ချင်း ထိလောက်အောင် နီး ကပ်စွာ ရှိနေသဖြင့် အပင်ပေါ် ရောက်သည် နှင့် အောက်သို့ ပြန်မဆင်းတော့ဘဲ တစ်ပင်မှ တစ်ပင် ကူးသွားလေသည် ။

အရွက်မီလျှင် လှမ်းဆွဲလိုက်ပါက ကွမ်းသီးပင်က အ နားရောက်လာသောအခါ ကူးသွား၍ ရသည် ။

အနည်းငယ် ဝေးနေပါက ကိုယ်အလေးချိန်နှင့် ယိမ်း လိုက်ပါက ထိုဘက်သို့ ယိုင်သွားသောအခါ မီသောအခါမှ ကူး သွားနိုင်ပေသည် ။

နီမောင်မှာ ငယ်စဉ်က ခြံထဲမှာ ကြီးပြင်းခဲ့ရသူမို့ အုန်း ပင်၊ ကွမ်းသီး ပင်တက် များ စွာကျွမ်းကျင်လေသည် ။ ထို့ပြင် အုန်း သီးအကြောင်းကို လည်း များ စွာကျွမ်းကျင်သောကြောင့် အပင် ပေါ် မတက်ခင် အောက်မှ မော့ကြည့်ရုံနှင့် ချရမည့် အုန်းသီးခိုင် ကို ရွေးချယ်နိုင်သူဖြစ်သည် ။

အုန်းသီးချရမည့် အချိန်မှာ အရေချောင်နေသောအချိန် ဖြစ်ပြီး လက် ပေ့ါဖြစ်နေတော့မှ အသုံးပြု၍ ရသေးသည် ။

လက်ပေ့ါဆိုသည် မှာ အုန်းရေမချောင်သေးသော်လည်း အသုံးပြုနိုင် သောအနေအထားဖြစ်သည် ။

ထို့ထက်ပိုပြီးနုပါက အသုံးပြု၍ မရတော့ဘဲ အရည် သောက်ဖို့ သာ ရတော့သည် ။

ထို့ကြောင့် အုန်းသီးခိုင် မချခင်မှာ အနုအရင့် ခွဲခြားသိ ဖို့ က အုန်းပ င်တက်သူတိုင်း သိရပြီး အရေးကြီးသောကိစ္စလည်း ဖြစ်ပေသည် ။

နီမောင်က အုန်းပင်၊ ကွမ်းသီးပင်များကို တက်ပြီး ပြန် ဆင်းလာ သောအခါ သစ်ပင်တစ်ပင်အောက်၌ တစ်ယောက် တည်း ဖဲကစားနေသ ည့် မဟူရာကို တွေ့ရလေသည် ။

''ခြံထဲ လိုက်လာလို့ အကူအညီများ ရမလား အောင်း မေ့မိပါတယ်၊ ဒီမှာ ဖဲကစားနေတာကိုး၊ နင်က ဖဲကစားတာ အတော်ဝါသနာပါတယ် နော်''

မဟူရာက ရှေ့မှာ ချထားသောဖဲချပ်များကို အစီအရီ ပြန်ထပ်ရင်း ခေါင်းညိတ်ပြသည် ။

''ငါတွေ့ဖူးတာတော့ ဖဲဝိုင်းမှာ ယောကျ်ားတွေချည်း ပါပဲ''

''မိန်းမလည်း ဖဲချတာ ဘာဖြစ်လဲ''

''မကောင်းတဲ့ အလုပ်မှန်း သိရက်နဲ့ ဘာကြောင့် လုပ် ချင်ရတာလဲ ဟာ''

''ဒါ မကောင်းတဲ့ အလုပ်မှ မဟုတ်တာ၊ သူတစ်ပါးဥစ္စာ ကို မတော်မတရား ခိုးယူ တိုက်ယူမှ မကောင်းတဲ့ အလုပ်မျိုးလို့ ခေါ်ရမှာ ပေါ့၊ အခုဟာ သူရဲ့ ကံ ကိုယ့်ရဲ့ ကံ၊ သူ့ရဲ့ ဉာဏ် ကိုယ့်ရဲ့ ဉာဏ် ပြိုင်ကြတာပဲ၊ ကံသာတဲ့ လူ ဉာဏ်သာတဲ့ လူက ယူကြတာ ပဲ၊ မတရား လုပ်နေတာမှ မဟုတ်တာ''

''နင်က မိန်းကလေးဖြစ်ရက်နဲ့ တခြားမိန်းကလေးတွေနဲ့ မတူဘဲ ဘာကြောင့် ယောက်ျားတွေ ကစားတဲ့ ဖဲကစားတာကိုမှ ဝါသနာပါရတာလဲဟင်''

''ငါက အခုမှ ဝါသနာပါတာ မဟုတ်ဘူး ၊ အရင်ဘဝမှာ ကတည်းက ဝါသနာပါတာ၊ နင်မယုံရင် ငါ့ယောက်ျားကို မေး ကြည့်ပါလား''

''ဟင်...နင့်ယောက်ျားက ဘယ်မှာ လဲ''

''ငါ့အိမ်မှာ ရှိတဲ့ ကြောင်နက်ကြီးက သရဲဘဝက လိုက် လာတဲ့ ငါ့ယောက်ျားလေ၊ နင် သူ့ကို မေးကြည့်ရင် သူပြောပြ မှာ ပေါ့''

နီမောင်က သူ့ရှေ့မှာ ရှိနေသော မဟူရာကို စိတ်ပျက် လက်ပျက် ကြည့်လိုက်သည် ။

သူက (၁၈)နှစ်အရွယ်ခန့်ရှိပြီး မဟူရာက (၁၇)နှစ်အ ရွယ်ခန့်ရှိကာ အပျိုဖော်ဝင်စ လှသွေးကြွယ်စအချိန်လည်း ဖြစ် သည် ။ အသားဖြူဖြူ မျက်ခုံးကောင်းကောင်း နှာတံပေါ်ပြီး မျက် နှာက ကြည့်ကောင်းသည် ။

အရပ်အနည်းငယ် ပုသော်လည်း ဖွံ့ဖြိုးမှု ရှိသည် ။

အတန်အသင့် ပြင်ဆင်လျှင်ပင် လှပသူတစ်ဦး ဖြစ်လာ နိုင်သော်လ

ည်း မဟူရာက ဘယ်တုန်းကမှ အလှအပ ပြုပြင်ခြင်း ကို ဝါသနာမပါပေ ။

အိမ်မှာ ကျောက်ပျဉ်မရှိ၊ သနပ်ခါးတုံး မရှိ၊ အလှအပ ပြုပြင်သော ပါးနီ၊ နှုတ်ခမ်းနီဆိုတာကတော့ ဝေလာဝေးပါရော။

ဘယ်အချိန် ဘယ်အခါမှာ ပဲကြည့်ကြည့် မျက်နှာပေါ်မှာ သနပ်ခါး မ တွေ့ရတတ်ပေ။

အဝတ်အစားလည်း များများ မရှိသဖြင့် လုံချည်အ ဟောင်းနှင့် ရှပ် အကျÐဟောင်းတစ်ထည်သာ ထည်လဲဝတ်လေ့ ရှိသည် ။

''နင် ဒီလောက်ဖဲကစားတာ ဝါသနာပါနေမှ တော့ နင့် မိဘတွေ ပေး ထားတဲ့ မဟူရာဆိုတဲ့ နာမည်အစား မဖဲဝါလို့ ပေး ရင် ကောင်းမယ်''

''ဟင်...ဘာဖြစ်လို့ လဲ''

''ဖဲဝါသနာပါလွန်းလို့ ဖဲဝါလို့ ပေးတာလေ''

''အင်း...ဒီနာမည်က ပိုတောင် ကောင်းသေးတယ်၊ ငါ့ဝါသနာနဲ့ လ ည်း လိုက်တယ်၊ ငါတော့ ကြိုက်တယ်''

နီမောင်က တမင်ပြောလိုက်သော်လည်း မဟူရာက တော့ ထိုနာမည် ကိုပင် သဘောကျကာ ရယ်နေလေသည် ။

''နင် ငါ့ကို ငါကြိုက်တဲ့ နာမည်ပေးတဲ့ အတွက် ကျေးဇူး တင်တဲ့ အ နေနဲ့ နင့်အလုပ်တွေကို ဝိုင်းကူလုပ်ပေးမယ်၊ ဘာတွေ လုပ်ပေးရမလဲ''

''အပင်အောက်မှာ ချထားတဲ့ အုန်းသီးခိုင် ကွမ်းသီး ခိုင်တွေကို သယ် ပြီး တစ်နေရာမှာ သာ ပုံပေးထားပေတော့''

ဟု ပြောပြီး နီမောင်က အခြားအပင်များ တက်ရန် နေရာမှ ထသွား

လေသည် ။

မဟူရာကလည်း နီမောင် မှာ ထားခဲ့သည့် အတိုင်း လုပ် ပေးသည် ။

ထိုသို့လုပ်တော့လည်း ယောက်ျားကလေးတစ်ယောက် ကဲ့သို့ သန်မာဖျတ်လတ်စွာ လုပ်နိုင်ပြီး စိတ်ပါလက်ပါလည်း လုပ်ပေးလေသည် ။

မဟူရာက အခြားသူများ နှင့် သာ ရောရောနှောနှော နေလေ့မရှိသော်လည်း နီမောင်ကိုတော့ ခင်သည် ။

အိမ်နီးချင်း ဖြစ်သောကြောင့် လည်း ခင်သည် ၊ ငယ်စဉ် ကတည်းက ကစားဖော် ကစားဖက် ဖြစ်သောကြောင့် လည်း ခင်မင်နေဟန်ရှိလေသည် ။

သူမမှာ ဖဲကစားခြင်းကို ဝါသနာပါသည် မှ လွဲပြီး အခြား စရိုက်ဆိုးများ တော့ မရှိပါချေ။

ထိုအချိန်က နီမောင် အမှတ်မထင် ပေးခဲ့သော ''မဖဲ ဝါ'' ဆိုသောအမည်မှာ နောက်ပိုင်းကာလများ ရောက်လာသော အခါ အမှတ်ထင်ထင်ရှိလာခဲ့ပြီး သူတို့ နှစ်ယောက်စလုံးအတွက် ဆန်းကြယ်သောအဖြစ်အပျက်များ နှင့် ကြုံတွေ့ကြရမည်ကို တော့ ထိုအချိန်က ကြိုတင်မသိနိုင်ခဲ့ပါပေ။

*

## အခန်း(၃) တောနက်အတွင်းမှ ကြမ္မာဆိုး

မပဟူရာဆိုသောမိန်းကလေးမှာ နာမည်နှင့် လိုက် အောင်ပင် ဘဝတစ်လျှောက်လုံး မကောင်းခဲ့ရှာပေ။ ငယ်ရွယ် စဉ်ကပင် ဆင်းဆင်းရဲရဲ နေခဲ့ရပြီး အရွယ်မရောက်ခင်မှာ ပင် မိခင်ဖြစ်သူ ဒေါ်ပိုးတိ သေဆုံးသွားသဖြင့် ဖခင်နဲ့ သာ နေခဲ့ရ သည် ။

ညီကိုမောင်နှမ ဆွေမျိုးသားချင်း မရှိကြသောကြောင့် လည်း သားအဖနှစ်ယောက်တည်းသာ အဖော်ပြုပြီး နေခဲ့ကြရ သည် ။

အိမ်နီးချင်းများ ဖြစ်ကြသည့် နီမောင်တို့ မိသားစုက အကူအညီပေးကြသည် ဆိုသော်လည်း သူ့အလုပ်နှင့် သူ ကိုယ့် အလုပ်နှင့် ကိုယ်မို့ အစဉ်အမြဲတော့ အကူအညီမပေးနိုင်ကြပါ ချေ။

မပဟူရာမှာ တဖြည်းဖြည်း အရွယ်ရ လာပြီဖြစ်သော် လည်း ဖခင်ဖြစ်သူ ဇမုန်းထန်က သူမအနားမှာ အမြဲမနေနိုင် ရှာပေ။

ဆေးဆရာတစ်ယောက်ဖြစ်သောကြောင့် နေ့ညမရွေး ပဲ အပြင်သို့ သွားလာနေရသည် ။

တစ်ခါတစ်ရံ မြစ်ကူးချောင်းဖျား ဝေးလံသောခရီးများ နေရာများ အထိ လိုက်သွားရပေရာ တစ်ယောက်တည်း ကျန်ခဲ့ သော မပဟူရာကို အိမ်နီးချင်းများက ကြည့်ရှုစောင့်ရှောက်ပေးကြ ရသည် ။

သို့သော်လည်း မော်ဇာရွာမှာ အခြားမှ အလုပ်လာလုပ် သော သစ်

တောအလုပ်သမားများ ဝင်ထွက်သွားလာနေသည့် ရွာ ဖြစ်သဖြင့် အချို့က မဟူရာကို သတိထားမိသူများ ရှိလာ သည်။

ရိုးမတောထဲတွင် အစိုးရသစ်ထုတ်လုပ်ရေးမှ လာ ရောက်လုပ်ကိုင်နေသော သစ်တောစခန်းအချို့ ရှိသည်။

ထိုစခန်းများမှာ အလုပ်လုပ်နေကြသော အလုပ်သမား များမှာ စားနပ်ရိက္ခာများ လိုလျှင် စခန်းနှင့် နီးသောရွာများ သို့ ဆင်းဝယ်ကြသည်။

ထိုသို့ဆင်းရင်းမှ အချို့လည်း မှော်ဇာရွာသို့ရောက်လာ ကြခြင်း ဖြစ်၏။

တစ်နေ့တော့ သစ်တောစခန်းမှ အလုပ်သမားနှစ် ယောက် ရွာထဲရောက် လာပြီး ကြက်လိုက်ဝယ်ကြသည်။ ဘယ် နေရာမှ မရသဖြင့် မေးမြန်းရင်းနှင့် မဟူရာတို့ အိမ်သို့ ရောက် လာသည်။

ထိုအချိန်၌ မဟူရာတစ်ယောက်တည်းသာ ရှိနေပြီး ဇမုန်းထန်က ဆေးကုသွားနေရာမှ ပြန်မရောက်သေးပေ။

မဟူရာက အိမ်အောက် ကွပ်ပျစ်ပေါ်မှာ တစ်ယောက် တည်း ထိုင်ကာ ဖဲကစားနေသည်။

''ကြက်ရောင်းဖို့ ရှိသလား''

တစ်ယောက်က ခြံပေါက်ဝမှ အခြေအနေကြည့်ရင်း လှမ်းမေးလိုက်သည်။

''ရှိတော့ရှိတယ်...ကြက်တွေ အိပ်တန်းတက်မှ ဖမ်း လို့ ရမယ်''

မဟူရာက ဖဲကစားနေရာမှ လှမ်းပြောသည်။

''ငါတို့ က အခု လိုချင်တာ၊ ဖမ်းပေးမယ့်သူ မရှိဘူးလား''

''မရှိဘူး...အိမ်မှာ ငါတစ်ယောက်ပဲ ရှိတယ်''

မဟူရာက အမှန်အတိုင်း ပြောလိုက်သည် ဖြစ်သော် လည်း ခြံပေါက်ဝမှ လူနှစ်ယောက်ကတော့ စိတ်ဝင်စားသွားကြ ဟန် ရှိလေသည်။

''ဘယ်အချိန် လာယူရင် ရမလဲ''

''ညမိုးချုပ်တော့ ကြက်တွေ အိပ်တန်းတက်ချိန်ဆိုရင် ရမယ်''

''အေး..အေး..ငါတို့ လာခဲ့မယ်''

ဟု ပြောဆိုပြီး ပြန်သွားကြသည်။

မှောင်ရီပျိုးစအချိန်ရောက်သောအခါ ကြက်ဝယ်မည့် သူနှစ်ယောက် ရောက်လာသည်။

ဒီတစ်ခါတော့ ထိုလူနှစ်ယောက်က ခြံဝန်းထဲအထိ ဝင် လာကြသည်
။

''ကြက်ရပြီလားဟေ့''

''ရပြီ...''

မဟူရာက ရေနံ့ဆီမီးခွက်ကို ကိုင်ပြီး အောက်သို့ ဆင်း လာသည်။

အရက်သောက်ထားကြသော ထိုလူနှစ်ယောက်က အ မှောင်ထဲမှာ ပင် တသွေးတမွေး လှနေသော မဟူရာကို စိုက် ကြည့်နေကြသည်။

''အချိန်ဘယ်လောက်သားလောက် ယူမှာ လဲ''

''တစ်ကောင် ဘယ်လောက်လဲ''

''နှစ်ကျပ်''

''မများ ဘူးလား...နည်းနည်းလျှော့ပေးဦး''

''မလျှော့နိုင်ဘူး...ဈေးများ တယ် ထင်ရင် တခြားမှာ သွားဝယ်ပေ တော့''

''နင်ကလည်း စိတ်တိုတတ်လိုက်တာ၊ တခြားမှာ ဝယ်မ ရလို့ နင့်ဆီ မှာ လာဝယ်တာပေါ့၊ ဒါထက် ဒီအိမ်မှာ နင်တစ် ယောက်တည်း နေတာ လား''

မဟူရာက ဘာမှ ပြန်မပြောပေ။

''နင်မကြောက်ဘူးလားဟင်''

''ငါဘာမှ မကြောက်ဘူး၊ နင်တို့ ဘယ်နှစ်ကောင် ယူမှာ လဲ''

''တစ်ကောင်ပဲ ယူမှာ ပါ၊ ကြက်က ဘယ်မှာ လဲ''

''ဟိုအနောက်ဘက်ခြံထဲမှာ ''

ဒါပဲပြောပြီး မဟူရာက မီးခွက်ကို ကိုင်လျှက် ရှေ့မှ လျှောက်သွားရာ လူနှစ်ယောက်လည်း နောက်မှ အသာလိုက် သွားကြသည် ။

ကြက်ခြံရှိသောနေရာမှာ အိမ်အနောက်ဘက်မှာ ရှိပြီး ပတ်ဝန်းကျင် မှာ သစ်ပင်များ သာ ရှိသည် ။

ကြက်ခြံနား ရောက်တော့ မဟူရာက မီးခွက်ဖြင့် မြှောက်ပြလေသ ည် ။

ကြက်များက မီးရောင်မြင်သဖြင့် ဆူဆူညံညံအသံများ ထွက်လာ တော့သည် ။

''ဘယ်အကောင် ယူမှာ လဲ''

ထိုအခိုက်မှာ ပင် တစ်ယောက်က ဘယ်လို စိတ်ကူးပေါ် လာသည် မ သိပေ။

မဟူရာ ကိုင်ထားသော မီးခွက်ကို မှုတ်ပစ်လိုက်သည် ။

''ဖူး…''

မီးခွက်ငြိမ်းသွားသောကြောင့် မှောင်ကျသွားလေသည် ။ ထိုအခါ အနီးမှာ ရှိနေသော နောက်တစ်ယောက်က မဟူရာကို နောက်မှ သိုင်းဖက်လိုက်သည် ။

''လူယုတ်မာတွေ''

မဟူရာက ရုန်းထွက်လိုက်ပြီး နောက်မှာ ရှိနေသူကို ဆောင့်ကန်သည် ။

အရက်မူးနေသည့် အရှိန်ကြောင့် ဘေးသို့ လဲကျသွား လေသည် ။ ထိုနေရာမှ ပြေးထွက်ရန် ကြိုးစားလိုက်စဉ် နောက် တစ်ယောက်က လှမ်းခုန်အုပ်သောကြောင့် လုံးထွေးကာ မြေ ပေါ်သို့ လဲကျသွားသည် ။

ထိုအခြေအနေအထိ မဟူရာက ပတ်ဝန်းကျင်ကို အကူ အညီ မတောင်းသေးပေ။

သူမသည် အရပ်ပုတစ်ယောက် တုတ်ခိုင်သန်မာသူ ဖြစ်သောကြောင့် လွယ်လွယ်နှင့် မရဘဲ ရှိလေသည် ။

လူနှစ်ယောက်ကလည်း သစ်တောထဲမှာ အလုပ်လုပ် နေသည့် အလုပ်ကြမ်းသမားများ ဖြစ်ကြသဖြင့် သန်မာကြသည် ။ တစ်ကြိမ်မှာ တော့ မဟူရာမှ မြေပေါ်သို့ လဲကျသွားပြီး နှစ် ယောက်စလုံးက အပေါ်မှ ဝိုင်းဖိထားကြရာ တစ်ယောက်နှင့် နှစ်ယောက်အား ဖြစ်သောကြောင့် ရုန်းမထွက်နိုင်ဘဲ ရှိနေတော့ သည် ။

''လူယုတ်မာတွေ…ငါ့ကို ဒီနည်းနဲ့ များ ရမယ် ထင်သ လား၊ အသက်ချင်း လဲပစ်မယ်''

ဟု အံကြိတ်ပြီး ပြောသည် ။

ပြောသာ ပြောနေရသော်လည်း ယောကျ်ားနှစ်ယောက် အားဖြင့် ဝိုင်းဖိထားသောကြောင့် လူကတော့ မလှုပ်သာတော့ ပေ။

ထိုအခိုက်မှာ အမှာ င်ရိပ်ထဲမှ ကြောင်နက်ကြီး ခုန်ထွက် လာသည် ။

''ညောင်...''

ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်ပြီး မဟူရာအပေါ်မှ လူနှစ်ယောက် အပေါ်သို့ ခုန်တက်လာကာ ချွန်ထက်သော လက် သည်းများ ဖြင့် ကုတ်ခြစ်တိုက်ခိုက်လေတော့သည် ။ လူနှစ် ယောက်မှာ မမျှော်လင့်သော အခြေအနေကြောင့် လန့်သွားကြ လေသည် ။

''ဟ...ဘာကောင်ကြီးလဲ''

ပြောရင်းဆိုရင်းနှင့် နှစ်ယောက်စလုံး မျက်နှာများ ပေါ်မှာ ကြောင် လက်သည်းရာများ ထင်ကုန်သည့် အပြင် တစ် ယောက်မှာ မျက်လုံးတစ်ဖက် ပေါက်သွားလေသည် ။

''ညောင်...''

''အား...''

ထိုအခိုက်မှာ ပင် မဟူရာက အလျင်အမြန် ထလိုက်ပြီး ကြက်ခြံနားမှ တုတ်တစ်ချောင်းကို ယူ၍ လိုက်ရိုက်လေရာ နှစ် ယောက်စလုံး ထွက်ပြေးကြရတော့သည် ။

ကိစ္စက ထိုမျှနှင့် မပြီးသေးပေ။

ထိုလူနှစ်ယောက်မှာ ကြက်မဝယ်နိုင်ဘဲ ပြန်ပြေးသွားရ သောကြောင့် အလုပ်သမားခေါင်းဆောင်၏ အကြိမ်းအမောင်း ခံကြရသည် ။

''ရွှေသန်းနဲ့ အေးမောင်..မင်းတို့ နှစ်ယောက်ကို ကြက် ဝယ်ခိုင်းတာ ဘယ်မှာ လဲ''

''မရခဲ့ပါဘူး''

''တယ်ခက်တဲ့ ကောင်တွေပဲကိုး...တောဝင်ကာနီး တောမြှောက်ဖို့ ဝယ်ခိုင်းပါတယ်ဆိုမှ ကြက်မရခဲ့ဘူး၊ တောပိုင် တောပိုင်တွေကို မတင်မြှောက်ဘဲ သွားရင်တော့ သေကုန်ကြ လိမ့်မယ်''

ထိုသို့ပြောသောအခါ ရွှေသန်းနှင့် အေးမောင်တို့ မှာ ကိုယ့်အပြစ်နှင့် ကိုယ်မို့ ဘာမှ ပြန်မပြောသာပေ။

''ဒါထက် ကြက်သွားဝယ်တာ ဘယ်လိုကြောင့် ဒဏ်ရာ ဒဏ်ချက်တွေ ရခဲ့ကြတာလဲ''

''အရက်သမားတွေနဲ့ တွေ့ပြီး ရန်ဖြစ်လာခဲ့လို့ ပါ''

''မျက်နှာပေါ်က အစင်းရာကြီးတွေက ကျားလက်သည်း နဲ့ အကုပ်ခံရသလိုပါလား၊ ရန်ဖြစ်တာရော ဟုတ်ကြရဲ့ လား''

''ဟုတ်..ဟုတ်ပါတယ်''

''မင်းတို့ ခိုင်းရတာ အဆင်မပြေပါဘူး၊ မနက်ဖြန် တော မြှောက်ဖို့ အတွက် တခြားလူတွေပဲ ခိုင်းရတော့မှာ ပဲ''

ဟု ပြောကာ အလုပ်သမားခေါင်းဆောင်က ထွက်သွား လေသည် ။ နောက်တစ်ရက်မှာ တော့ တောတက်ရန် ပြင်ကြ သည် ။ ရွှေသန်းနှင့် အေးမောင်တို့ လွှဆိုင်းလည်း တောတက်ရန် ပြင်ကြရသည် ။

ရွှေသန်းမှာ ကြောင်လက်သည်း ဒဏ်ရာကြောင့် မျက် လုံးတစ်ဖက်မှာ ဒဏ်ရာရထားသော်လည်း ရက်ရှည်နားခွင့် မရပေ။

ထိုသို့ နားလျှင် ခေါင်းဆောင်က လုပ်အားခ ဖြတ်မည် ဖြစ်သောကြောင့် ဒဏ်ရာရသော မျက်လုံးတစ်ဖက်ကို ပတ်တီး စည်း၊ ကြောင်လက်သည်းဖြင့် ကုပ်မိသော ဒဏ်ရာဒဏ်ချက်များ ကို ဆေးထည့်ပြီးနောက် ကြိတ်မှိတ်ပြီး အလုပ်ဆင်းကြရသည် ။

''သန်းရွှေ...မင်းမျက်လုံးက ဒဏ်ရာနဲ့ လုပ်နိုင်ပါ့မ လား''

''တောထဲ ရောက်မှ ပဲ အခြေအနေ ကြည့်ရတော့မှာ ပဲ၊ ဒီမှာ တော့ မနေခဲ့တော့ပါဘူး''

ဟု ပြောပြီး လိုက် လာလေသည် ။

ရွှေသန်းနှင့် အေးမောင်တို့ နှစ်ယောက်မှာ နှစ်ယောက် တစ်တွဲ လွှဆိုင်းဖြစ်သည် ။

နှစ်ယောက်တစ်တွဲလုပ်ရသော လွှဆိုင်းများမှာ တစ် ယောက် အလုပ်မလုပ်နိုင်ပါက ကျန်တစ်ယောက်လည်း အလုပ် ပျက်ရတော့သည် ။

အခြားသူများမှာ လည်း ကိုယ့်အတွဲနှင့် ကိုယ် ဖြစ်ကြ သောကြောင့် လာမကူနိုင်ကြပေ။

ထို့ကြောင့် ရွှေသန်းမှာ မျက်လုံးတစ်ဖက် ဒဏ်ရာရထား သည့် ကြားမှ ဇွတ်ပေပြီး လိုက်လာခဲ့ခြင်းဖြစ်သည် ။ ထိုနေ့က တောထဲမှာ အလင်းရောင် သိပ်မရှိပေ။

နေ့အချိန်ပင် ဖြစ်သော်လည်း ကောင်းကင်ပေါ်မှာ မိုး သားမိုးရိပ်များ အုံ့ဆိုင်းနေသောကြောင့် အလင်းရောင် ပျောက် ကာ မှောင်ရိပ်သမ်းနေခြင်း ဖြစ်၏။

တောထဲမှာ အလုပ်လုပ်သူများမှာ နေပူသော နွေရာသီ ထက် မိုးရွာသောအချိန်များ ၌ အလုပ်လုပ်ရသည် မှာ ခရီးပိုတွင် ကြသည် ။

ယခုကဲ့သို့ မိုးအုံ့နေသောအချိန်တွင် အလုပ်လုပ်ရလျှင် ပင်ပန်းမှု သိပ်မရှိလှပေ။

ရွှေသန်းနှင့် အေးမောင်တို့ နှစ်ယောက်မှာ သတ်မှတ် ထားသော သစ်ကွက်အတွင်းသို့ ရောက်သောအခါ သစ်ကွက် တာဝန်ခံက သတ်မှတ်ပေးထားသည့် တောင်သရက်ပင်ကြီးတစ် ပင်ကို လှဲချရန် ပြင်ကြလေသည် ။

သစ်ပင်မှာ အတန်အသင့်ကြီးပြီး လုံချောကြီးဖြစ်လေ သည် ။

အောက်ခြေမှာ အကိုင်းအခက်များ မရှိဘဲ ထိပ်ဖျားပိုင်း မှာ သာ အကိုင်းအခက်၊ အရွက်များ ရှိလေသည် ။

နှစ်ယောက်သား သစ်ပင်လှဲရန် အောက်ခြေ၌ ရှိသော ချုံနွယ်များ နှင့် အခြားမလွတ်သော သစ်ပင်ငယ်များကို ခုတ်ထွင် ဖယ်ရှားနေကြစဉ်.. တောစပ်မှ ရိပ်ခနဲ ဖြတ်ပြေးသွားသည့် သဏ္ဍာန်တစ်ခုကို ရွှေသန်းက လှမ်းမြင်လိုက်ရသည် ။

''ဟင်...''

''ဘာလဲ ရွှေသန်း''

''တောစပ်မှာ မည်းမည်းသတ္တဝါတစ်ကောင် ဖြတ်ပြေး သွားတယ်''

''ဘာကောင်လဲ''

''မျက်လုံးတစ်ဖက်က ပတ်တီးစည်းထားတော့ သိပ်ပြီး မသဲကွဲလိုက်ဘူး''

အေးမောင်က သူ့နောက်ဘက်သို့ စိတ်မချစွာဖြင့် လှည့် ကြည့်လိုက်သည် ။

သို့သော် သဲသဲကွဲကွဲတော့ ဘာမှ မတွေ့ရပေ။

သူတို့ နှစ်ယောက်ဆီမှာ လွယ်ကြိုးတစ်လက်၊ အသေးတစ် လက်၊ သံသတ်၊ ပေါက်ဆိန်၊ ကပ်ပါး နှင့် ဓားများ လောက်သာ သစ်ပင်လှဲဖြတ်ရာတွင် အသုံးပြုရမည့် လက်နက်ကိရိယာများ ပါ လာပြီး အခြားတော့ မပါပေ။

နောက်တစ်ကြိမ်မှာ တော့ သစ်တောအတွင်းမှ ရိပ်ခနဲ ဖြတ်သွားသော မည်းမည်းသဏ္ဍာန်ကို အေးမောင်က မြင်လိုက် ရသည် ။

''ဟော..ဟိုမှာ ''

''ဘာ..ဘာလဲ''

''မင်း စောစောက တွေ့လိုက်တဲ့ သတ္တဝါ ထင်တယ်၊ မင်းအနောက်က ဖြတ်ပြေးသွားတာ တွေ့လိုက်ရတယ်''

ရွှေသန်းက နောက်သို့ လှည့်ကြည့်သည် ။

မှောင်ရိပ်သမ်းနေသည့် မြင်ကွင်းတစ်ဝိုက်အတွင်းမှာ တော့ ဘာမှ မတွေ့ရပေ။

နှစ်ယောက်စလုံး တွေ့လိုက်ရပြီးပြီမို့ စိတ်ထဲမှာ ဇဝေ ဇဝါ ဖြစ်နေကြသည် ။

''မင်းသတိထားမိလား အေးမောင်''

''ဘာကိုလဲ''

''စောစောက ငါ ရိပ်ခနဲ မြင်လိုက်ရတာ ကြောင်နက်ကြီး တစ်ကောင် မဟုတ်လား''

ထိုစကားကြောင့် အေးမောင်မှာ မျက်လုံးပြူးသွား သည် ။

စိတ်ထဲမှာ လည်း စိုးရိမ်စိတ် ဝင်လာသည် ။

ဟိုတစ်နေ့ညက မှော်ဇာရွာထဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ က ချက်ချင်း ခေါင်းထဲ ရောက် လာလေသည် ။

''ငါတို့ ဟိုတစ်နေ့ညက တွေ့လိုက်ရတဲ့ ကြောင်နက် ကြီးများ လား''

''မဖြစ်နိုင်ပါဘူး...ရွာထဲမှာ နေတဲ့ ကြောင်က တော ထဲကို ဘယ်လို ရောက်လာမလဲ၊ တောထဲမှာ နေတဲ့ တောကြောင် ပဲ ဖြစ်မှာ ပေ့ါ''

''တောကြောင်က ဒီလိုအနက်ရောင်မျိုး ရှိလို့ လား''

''ရှိချင်လည်း ရှိမှာ ပေ့ါ''

နှစ်ယောက်စလုံးက ကြောင်တစ်ကောင်ဖြစ်မှန်း သိကြ သောအခါ စိုးရိမ်စိတ်တော့ လျော့သွားလေသည် ။ ထိုအခိုက်မှာ ပင် မနီးမဝေးနေ ရာလောက်မှ ကြောင်တစ်ကောင် ပေါ်ထွက် လာသည် ။

''ညောင်...''

''ဟင်...''

နှစ်ယောက်သား အော်သံကြားရာသို့ ကြည့်လိုက်သော အခါ အမှောင်ရိပ်သမ်းနေသည့် ချုံများ ထဲမှ နီရဲနေသည့် မျက် လုံးနှစ်လုံးကို လှမ်းမြင်လိုက်ကြရသဖြင့် လန့်သွားကြလေသည် ။

ကြည့်နေရင်းမှာ ပင် ထိုမျက်လုံးက ဖျတ်ခနဲ ပျောက် သွားပြီး နောက်တစ်နေရာမှ အော်သံကြားရပြန်လေသည် ။

''ညောင်...''

အသံကြားရာသို့ ကြည့်လိုက်သောအခါ ကြောင်ကို မမြင်ရဘဲ နီရဲနေသော မျက်လုံးကိုသာ တွေ့ကြရပြန်သည် ။

တစ်နေရာ နှစ်နေရာ ပြောင်းအော်သံ ကြားရပြီးနောက် မှာ တော့ ကြောင်အော်သံ ပျောက်သွားတော့သည် ။

ထို့ကြောင့် သစ်ပင်လှဲရမည့် ကိစ္စကို ဆက်လုပ်ကြလေ သည် ။ သစ်ပင်မှာ အတော်အတန်ကြီးသည့် တောင်သရက်ပင် ဖြစ်သောကြောင့် သစ်ပင်လှဲချရမည့် ဘက်ကို ရွေးကြရသည် ။

မိုးအုံ့နေသော်လည်း မရွာသေးပေ။

လေကလည်း ငြိမ်နေသည် ။

ထူးထူးခြားခြား တစ်ချက်ကလေးမှ ပင် မတိုက်ပေ။

ထို့ကြောင့် သစ်ပင်ခြေရင်းမှာ ရှိသော သစ်ကဖျင်းများ ကို ဖောက်ပြီး သစ်ပင်ကို စတင်ဖြတ်သည် ။

ထိုအခြေအနေအထိတော့ ဘာမှ အခက်အခဲ အနှောင့် အယှက် မတွေ့ကြရပေ။

သူတို့ သစ်ပင်လှဲနေသည့် နေရာနှင့် မနီးမဝေးမှာ သစ် ငုတ်ကြီးတစ်ခု ရှိသည် ။

ခဏကြာတော့ ထိုသစ်ငုတ်ကြီးပေါ်သို့ ကြောင်နက်ကြီး တစ်ကောင် လွှားခနဲ ခုန်တက်လာသည် ကို နှစ်ယောက်စလုံး မြင်ကြရသောကြောင့် အံ့သြသွားကြလေသည် ။

ထိုကြောင်နက်ကြီးမှာ ထူးထူးခြားခြား မျက်လုံးနှစ်လုံးစ လုံးနီရဲနေပြီး ဟိုတစ်ညက တွေ့ခဲ့သော ကြောက်နက်ကြီးနှင့် တူလေသည် ။

''ဟိုမှာ ကြောင်နက်ကြီး''

''သူ့ဘာသာ နေပစေတော့ကွာ၊ ကြောင်ကတော့ ငါတို့ ကို အန္တရာယ် ပေးနိုင်မှာ မဟုတ်ပါဘူး''

ဟု ပြောကာ သစ်ပင်ကို လွှဖြင့် ဆက်ဖြတ်နေကြသည် ။ ထက်ဝက် ခန့် ပြတ်သောအခါ နှစ်ယောက်သား ခဏအမောဖြေ ကြသည် ။

သူတို့ အမောဖြေနေစဉ်မှာ ပင် ကြောင်နက်ကြီးက နေ ရာမှ ပြေး လာပြီး သူတို့ လှဲနေသည့် သစ်ပင်ပေါ်သို့ တက်သွား လေတော့သည် ။

''ကြောင်နက်ကြီး သစ်ပင်ပေါ် တက်သွားပြီ''

''ကောင်းတာပေ့ါကွာ...သစ်ပင်လှဲချလိုက်ရင် သူ လည်း သေမှာ ပဲ''

ဟု ပြောပြီး သစ်ပင်ကို ဆက်လှဲကြသည် ။

ထက်ဝက်ကျော်ခန့် ပြတ်သည့် တိုင် သစ်ပင်က မလှုပ် သေးသဖြင့် သံသတ်များ ရိုက်သွင်းကြလေသည် ။

''ဒုံး...ဒုံး...ဒုံး''

ပေါက်ဆိန်ဖြင့် သံသတ်ထုသံမှာ တောတစ်ခုလုံး ပွဲတင် ထပ်နေ တော့သည် ။

သစ်ပင်လဲကျကာနီး သံသတ်ထုရသည် မှာ အနီးပတ် ဝန်းကျင်တစ် ဝိုက်တွင် အခြားအလုပ်သမား ရောက်နေပါက အချိန်မီ ရှောင်ပေးနိုင်ရ န် အချက်ပေးသံလည်း ဖြစ်သည် ။

သစ်ပင်အောက်ခြေမှ သူတို့ နှစ်ယောက်က သံသတ်ကို တဒုန်းဒုန်း ထုနေစဉ်မှာ သစ်ပင်ခွကြားမှ ရောက်နေပြီး ဆောင့် ကြောင့် ထိုင်နေသ ည့် ကြောင်နက်ကြီးက ငုံ့ကြည့်နေသည် ။

နီရဲနေသည့် မျက်လုံးနှစ်လုံးကို အောက်မှ အတိုင်းသား မြင်ရသည် ။

''သေချင်တဲ့ ကျား တောပြောင်းတာပဲ ကြားဖူးတယ်၊ သေချင်တဲ့ ကြောင် နေရာပြောင်းတာတော့ ဒီတစ်ခါပဲ တွေ့ဖူး သေးတယ်ဟ''

ပြောရင်းဆိုရင်း လှကို ခပ်သွက်သွက် ဆွဲရာ ပင်ခြေ ပြတ်လုပြတ်ခ င် ဖြစ်လာသည် ။

တစ်ဖက်မှ သံသတ်ကူပေးထားသောကြောင့် လဲမည် ဆိုပါက လဲ လောက်သောအခြေအနေသို့ ရောက်နေပြီဖြစ်သော် လည်း မလဲသေးပေ ။

''သံသတ်ကို ခပ်ပြင်းပြင်း ထုကွာ''

ရွှေသန်းက ပြောသဖြင့် အေးမောင်က ပုဆိန်ဖြင့် သံ သတ်ကို တဒုန်းဒုန်း ထုပြန်လေသည် ။

ထုသာ ထုနေသော်လည်း အခြေအနေက မထူးပေ။ ထိုအခိုက်မှာ ငြိမ်နေသောလေက ပြန်တိုက်လာသည် ။ သစ်ပင် သစ်ရွက်များ ပြန်လှုပ် လာလေပြီ။

သစ်ပင်လှဲနေစဉ် ထိုကဲ့သို့ လေတိုက်လာခြင်းမှာ ကောင်းသော လ က္ခဏာမျိုးတော့ မဟုတ်ပေ။

လေတိုက်သည့် အရှိန်ကြောင့် သစ်ပင်က ယိမ်းထိုးနေ ပြီး လှဲသည့် ဘက် မလဲ၊ လဲချင်ရာ လဲကျတတ်သဖြင့် အန္တရာယ် များ သည် ။

သစ်ပင်သေးလျှင် မစိုးရိမ်ရသော်လည်း မြင့်မားသော သစ်ပင်ကြီးများကို လှဲရာမှာ တော့ အခက်အခဲ များ စွာတွေ့ နိုင်သည် ။

ယခုလည်း လေတိုက်လာသောကြောင့် ပင်ခြေ ပြတ်လု ပြတ်ခင် ဖြ စ်နေသည့် သစ်ပင်ကြီးက အရက်မူးနေသူတစ်ဦးပမာ ယိမ်းထိုးနေလေ သည် ။

ကြည့်နေရင်းမှာ ပင် တဲတဲလေးသော ကျန်သော သစ်ပင် ၏ အပင်ခြေက ပြတ်သွားတော့သည် ။

ထိုအခြေအနေကို မြင်တော့ နှစ်ယောက်စလုံး မျက် လုံးပြူးသွားကြ သည် ။

ပင်ခြေပြတ်သွားပြီးမှ မလဲဘဲ ထောင်နေသော သစ်ပင် တစ်ပင်မှာ အဘယ်မျှ အန္တရာယ်များကြောင်း သစ်ပင်လှဲသူတိုင်း သိကြလေသည် ။

ယ ခု အ ခြေ အ နေ မှ ာ ထွက်ပြေး၍ လည်း မဖြစ်တော့ပေ၊ ထိုအခိုက်မှာ ပင် ပင်ခြေပြတ်နေသည့် သစ်ပင်ကြီး လှုပ်ရှားနေ သော အောက်ခြေမှ ပွတ်ကြိတ် နေသကဲ့သို့ ဖြစ်ကာ တကျွိကျွိ နှင့် အသံများ ထွက်လာသည် ။ ထိုအသံများမှာ လူတစ်ယောက် အံကြိတ်နေသောအ သံမျိုးနှင့် တူနေသည် ။

''ကျွိ..ကျွိ..ကျွိ''

ထိုအသံကြောင့် နေရာမှာ ဆက်မနေဝံ့ကြတော့သဖြင့် ဘေးလွတ်ရာ သို့ ထွက်ပြေးကြလေတော့သည် ။

ထိုအခါမှ ပင် သစ်ပင်ကြီးက သူတို့ ပြေးသောဘက်သို့ ယိုင်လဲကျ လာလေတော့သည် ။

''ဝုန်း...ဝုန်း...ဝုန်း''

သစ်ပင်လဲကျသံကြီးက တောတစ်တောလုံး သိမ့်သိမ့် တုန်သွားလေ တော့သည် ။

သစ်ပင်လဲကျရာတစ်လျှောက်မှာ ရှိသော သစ်ပင်ငယ် များမှာ ကျိုးပြတ်ကာ သစ်လုံးအောက်သို့ ရောက်သွားကြလေ သည် ။ ရွှေသန်းနှ င့် အေးမောင်တို့ နှစ်ယောက်ကတော့ သစ်ပင် အောက်မှ

ထွက်မလာနိုင်ကြတော့ပေ။

သစ်ပင်မလဲခင် အပေါ်မှာ ရှိနေသော ကြောင်နက်ကြီး လည်း မရှိတော့ပေ။

*